# ၁၉၅၄ ခုနှစ်၊ ဒိမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊အက်ဥပဒေ အမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ဒိမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ ဒိမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေ၏ ပုဒ်မ ၃ တွင်အပိုဒ် (ဒ) အစား အောက်ပါကို အပိုဒ် (ဒ) အဖြစ်ထည့်သွင်းရမည်။

''(ဒ) 'အတိုင်ပင်ခံအဖွဲ့' ဆိုသည်မှာ၊ ဤအက်ဥပဒေအရဒေသန္တရ အဖွဲ့၏အခွင့် အာဏာများနှင့် လုပ်ငန်းဆောင်တာများကို သုံးစွဲဆောင်ရွက်ရန် ခန့်ထားသောရာထမ်းအား၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အားအကြံဉာဏ်ပေးရန်ခန့်ထားသည့် အတိုင်ပင်ခံအဖွဲ့ကို ဆိုလိုသည်။''

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄ တွင် အောက်ပါစာပိုဒ်ကို ထည့်သွင်းရမည်။

''အဆိုပါ ဒေသန္တရအဖွဲ့အသီးသီးသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍၊ သတ်မှတ်သည့်နေ့ရက်မှစ၍ အတည်ဖြစ်စေရမည်။''

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) တွင် ''ထိုဖျက်ကွက်သူကို ကျေးရွာတရားရုံးက ကျပ်တဆယ်ထက်မပိုသော ငွေဒဏ်ထပ်ရိုက်နိုင်သည်။'' ဆိုသည့်စကားရပ်အစား ''ထိုဖျက်ကွက်သူသည် ကျပ်တဆယ်ထက် မပိုသည့်ငွေဒဏ် ချမှတ်ခြင်းခံရမည်။'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၃) တွင် ''သို့ရာတွင်ရာထူးထက်တမ်းကုန်ဆုံးပြီးသောဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှာထပ်မံရွေးခံနိုင်ခွင့်ရှိသည်။'' ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၁ ကို ပယ်ဖျက်ရမည်။

၇။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၃၇ တွင်—

(က) ပုဒ်မခွဲ (၅) ၏ ခြွင်းချက်၌ ''ရာထင်း'' ဆိုသည့်စကားရပ်အစား ''ရာထမ်းမှုထမ်း'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၉)၌ ''တရားဥပဒေ'' ဆိုသည့် စကားရပ်အစား ''ဥပဒေ'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အတိုး—၁၅ ပြား။]

၈။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၆၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) အစား အောက်ပါကိုအပိုဒ် (ဂ) အဖြစ်ထည့်သွင်းရမည်။

"(ဂ) ငွေဒဏ်နှင့်တွဲ၍ဖြစ်စေ၊ ငွေဒဏ်နှင့်မတွဲဘဲဖြစ်စေ၊ အလုပ်ကြမ်းနှင့်သော်၎င်း၊ အလုပ်မဲ့နှင့်သော်၎င်း၊ တလထက်မပိုသည့်အကျဉ်းဒဏ်။"

၉။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၃) တွင် "ဤပုဒ်မခွဲ" ဆိုသည့်စကားရပ်အစား "ပုဒ်မခွဲ (၁) နှင့် (၂)" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။အဆိုပါအက်ဥပဒေ၏ အခန်း ၈ အစားအောက်ပါကို အခန်း ၈ အဖြစ်ထည့်သွင်းရမည်။

"အခန်း ၈။

<u>အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ။</u>

ကြားဖြတ်အာဏာပိုင်။

၇၉။ ။(၁) ဤအက်ဥပဒေစတင် အာဏာတည်သည့် ဒေသတွင် ဒေသန္တရအဖွဲ့ ဖွဲ့စည်းခြင်းမရှိသေး ပါက၊ နိုင်ငံတော်သမ္မတ သည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာ၍၊ ထိုအမိန့်ကြော်ငြာစာတွင် ဖေါ်ပြသည့် ဒေသန္တရအဖွဲ့၏ ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသောလုပ်ငန်းဆောင်တာအားလုံးကိုသော်၎င်း၊ အချို့ကိုသော်၎င်း၊ ဆောင်ရွက်ရန်အတိုင်ပင်ခံအဖွဲ့ပါလျက် ဖြစ်စေ၊ အတိုင်ပင်ခံအဖွဲ့မပါဘဲလျက်ဖြစ်စေ၊ အစိုးရချာထမ်းတဦးအား၊ သို့တည်းမဟုတ် အခြားသင့်လျော်သောပုဂ္ဂိုလ်တဦးအား အာဏာအပ်နှင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမ္မတ က အာဏာအပ်နှင်းခြင်းခံရသောအာဏာပိုင်သည် ထိုဒေသအတွက် ဒေသန္တရအဖွဲ့ကို ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့်အချိန်အထိသော်၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတ က အခြားနည်း အမိန့်ထုတ်ဆင့်သည့်အချိန်အထိသော် မိမိအားအပ်နှင်းထားသောအာဏာများ၊ တာဝန်ဝတ်တရားများနှင့် လုပ်ငန်းဆောင်တာများကို သုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် အတိုင်ပင်ခံအဖွဲ့ရှိလျှင်၊ ထိုအတိုင်ပင်ခံအဖွဲ့သည်လည်း အဆိုပါအချိန်တွင် ပယ်ဖျက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

မပြီးပြတ်သေးသော အမှုများ။

၈၀။ ။ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့၌ မည်သည့်တရားရုံးတွင်မဆို၊ သို့တည်းမဟုတ် မည်သည့်အာဏာပိုင်ထံတွင်မဆို၊ ဤအက်ဥပဒေအရ ကျေးရွာတရားရုံးကဖြစ်စေ၊ သက်ဆိုင်ရာ ဒေသန္တရအဖွဲ့ကဖြစ်စေ၊ စစ်ဆေးစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ရာဇဝတ်

မှုသည်၊ သို့တည်းမဟုတ် တရားမမှုသည်၊ သို့တည်းမဟုတ် အခွန်တော်မှုသည့် အဆိုပါတရားရုံးတွင်သော်၎င်း၊ အာဏာပိုင်ထံတွင်သော်၎င်း၊ မပြီးမပြတ်သေးပါက ထိုမှုခင်းကိစ္စများကို ထိုတရားရုံးက၊ သို့တည်းမဟုတ် ထိုအာဏာပိုင်ကပြီးပြတ်အောင် ဆက်လက် စစ်ဆေးစီရင်ဆောင်ရွက်ရမည်။

အာဏာဆက်လက်သုံးစွဲခြင်း။

၁၁။ ။ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေစတင် အာဏာတည်သည့်နေ့နှင့်ဒေသတွင်မြို့နယ်ပါယ် အက်ဥပဒေအရသော်၎င်း၊ကျေးလက်ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေအရ သော်၎င်း၊ ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ သော်၎င်း၊ ခန့်အပ်ခြင်းခံရသော၊ သို့တည်းမဟုတ် အာဏာ အပ်နှင်းခြင်းခံရသော ရာထမ်းမှုထမ်း များသည်၊ နိုင်ငံတော်သမ္မတ က အခြားနည်း ဆင့်ဆိုသည့် အချိန်အထိ ၎င်းတို့၏ အာဏာများ၊ တာဝန်ဝတ်တရားများနှင့်လုပ်ငန်း ဆောင်တာများကိုဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

လက်ရှိ ဒေသန္တရ အဖွဲ့နှင့် ထိုအဖွဲ့၏ ရာထမ်းမှုထမ်းများ ရပ်စဲခြင်း။

၁၂။ ။တည်ဆဲအခြားတရား ဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေ စတင်အာဏာ တည်သည့် ဒေသတွင်—

(က) ပုဒ်မ ၇၉ အရ ခရိုင်ကောင်စီ အတွက် အာဏာပိုင်ခန့်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ခရိုင်ကောင်စီဖွဲ့စည်းပြီး၍ အတည်ဖြစ်လျှင်၊ ထိုခရိုင်ရှိ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့များသည် ပယ်ဖျက်ပြီးဖြစ်သည့်ပြင်၊ ထိုအဖွဲ့များ၏ အဖွဲ့ဝင်လူကြီးများသည်၊ အဖွဲ့ဝင်လူကြီးများ အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု၎င်း၊ ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ ခန့်ထားသည့်အာဏာပိုင်အား၊ အဆိုပါအက်ဥပဒေအရ အပ်နှင်းထားသော အာဏာများသည် ရုပ်သိမ်းပြီးဖြစ်သည်ဟု၎င်း မှတ်ယူရမည်။

(ခ) ပုဒ်မ ၇၉ အရ မြို့မကောင်စီအတွက် အာဏာပိုင်ခန့်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ မြို့မကောင်စီဖွဲ့စည်းပြီး၍အတည်ဖြစ်လျှင်၊ ထိုမြို့မရှိ မြို့နယ်ပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့များသည် ပယ်ဖျက်ပြီး ဖြစ်သည့်ပြင်၊ ထို အဖွဲ့များ၏ အဖွဲ့ဝင် လူကြီးများသည်၎င်း၊ မြို့များ အက်ဥပဒေအရ ရွေးကောက် ခန့်ထားသော ရပ်ကွက်သူကြီးများနှင့် အကွက်အုပ် များသည်၎င်း၊ အဆိုပါအဖွဲ့ဝင်လူကြီးအဖြစ်မှ၊ သို့တည်းမဟုတ်ရပ်ကွက်သူကြီးအဖြစ်မှ၊

သို့တည်းမဟုတ် အကွက်အုပ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မ ၇၉ အရ ကျေးရွာ ကောင်စီအတွက် အာဏာပိုင်ခန့်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ကျေးရွာကောင်စီဖွဲ့စည်းပြီး၍အတည်ဖြစ်လျှင်၊ ထိုကျေးရွာရှိကျေးရွာအက်ဥပဒေအရ ရွေးကောက်ခန့်ထားသော ရွာသူကြီးနှင့် ကျေးရွာကော်မီတီလူကြီးများသည်၊ ထိုကျေးရွာ၏ရွာသူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် ကျေးရွာကော်မီတီလူကြီးအဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

လက်ရှိရာထမ်း မှုထမ်းများ၏ ရာထူး အပြောင်းအလဲ။

၁၃။ ။ပုဒ်မ ဂ၂ အရ ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်သည့် အဖွဲ့များ၏ ရာထမ်း မှုထမ်းများသည်၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရအဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ ခန့်ထားသည့် ရာထမ်းမှုထမ်းများသည်၊ ဤအက်ဥပဒေ အရ ဖွဲ့စည်းထားသည့် ဒေသန္တရအဖွဲ့များ၏ ရာထမ်းမှုထမ်းများအဖြစ် ဆက်လက် အမှုထမ်းခွင့်ရှိစေရမည်။

အခွင့်အရေးနှင့် တာဝန်များ ဆက်ခံခြင်း။

၁၄။ ။(၁) ဤအက်ဥပဒေ စတင်အာဏာတည်သည့် နေ့ရက်နှင့် ဒေသတွင်၊ ပုဒ်မ ၇၉ အရ ခန့်အပ်ခြင်းခံရသည့် အာဏာပိုင်သည်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့်ဒေသန္တရအဖွဲ့သည် မြူနီစီပါယ်အက်ဥပဒေအရ သော်၎င်း၊ ကျေးလက်ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ဖွဲ့စည်းထားသောအဖွဲ့၏၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ အာဏာအပ်နှင်းခြင်းခံရသူ၏ အာဏာများ၊ တာဝန်ဝတ်တရားများနှင့် လုပ်ငန်းဆောင်တာများကို နိုင်ငံတော်သမ္မတ က အမိန့်ထုတ်ဆင့်သည့်အတိုင်း ဆက်ခံသုံးစွဲ ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမ္မတ က အမိန့်ထုတ်ဆင့်သည်နှင့် တပြိုင်နက် မြူနီစီပါယ်အက်ဥပဒေအရသော်၎င်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ဖွဲ့စည်းထားသည့်အဖွဲ့များ၏၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရအဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရအာဏာအပ်နှင်းခြင်းခံရသူက ထိန်းသိမ်းအုပ်ချုပ်ခဲ့သည့် အဖွဲ့၏ပစ္စည်း၊ တောင်းဆိုရယူခွင့်များနှင့် ကြွေးမြီတာဝန် အားလုံးသည်၊ ဤအက်ဥပဒေအရ ခန့်အပ်သည့် အာဏာပိုင်တွင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့် ဒေသန္တရ အဖွဲ့တွင် တည်ရှိရမည့်ပြင်၊ အဆိုပါအက်ဥပဒေများအရ ဖွဲ့စည်းထားသော အဖွဲ့များကချုပ်ဆိုခဲ့သည့်ပဋိညာဉ်

အားလုံးသည်၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရအဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ အာဏာအပ်နှင်းခြင်းခံရသူက ထိန်းသိမ်းအုပ်ချုပ်ရသည့် အဖွဲ့အတွက် ချုပ်ဆိုခဲ့သည့်ပဋိညာဉ်အားလုံးသည်၊ ဤအက်ဥပဒေအရ ခန့်အပ်သည့် အာဏာပိုင်က၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့် ဒေသန္တရအဖွဲ့က ချုပ်ဆိုသော ပဋိညာဉ် ဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ ။၁၉၄၉ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆) ကို ရုပ်သိမ်းလိုက်သည်။''

ရုပ်သိမ်းခြင်း။

၁၁။ ။အဆိုပါအက်ဥပဒေ၏ဇယားတွင် '' ကျေးရွာတရားရုံးက စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်မှုများစာရင်း [ပုဒ်မ ၆၀]'' ဆိုသည့် ခေါင်းစဉ်စကားရပ်အသီးသီးအစား '' ပုဒ်မ ၆၀ အရ ကျေးရွာတရားရုံးက စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်မှုများစာရင်း '' ဆိုသည့်ခေါင်းစဉ်စကားရပ်ကိုထည့်သွင်းရမည်။